# K-12 ကျောင်းများအတွက် ထိတွေ့မိနိုင်ခြေ အသိပေးချက်

______________________ ______________________ __________

ထိတွေ့မိနိုင်ခြေ ရှိသော ပုဂ္ဂိုလ်အမည် | ကျောင်းအမည် | ထိတွေ့မှုရက်စွဲ

ကျောင်းတွင် COVID-19 ကူးစက်ခံထားရသူတစ်ဦးနှင့် တွေ့ဆုံခဲ့သောလူ အဖြစ် သင်အား သတ်မှတ်လိုက် ပါသည်။

**ကာကွယ်ဆေးထိုးသည့်အခြေအနေ မည်သို့ပင်ရှိစေ ကျောင်းတွင်းထိတွေ့မှုပြီးနောက် သီးခြား ကန့်သတ်နေရန် မလိုအပ်ပါ။**

**ဒါဘာကိုဆိုလိုတာပါလဲ?**

**သင်သည် ရောဂါလက္ခဏာများ မပြပါက သို့မဟုတ် စစ်ဆေးမှု က သင် Covid 19 ကူးစက်ခံထားရတယ် ဆိုတာ မပြပါက သင်သည် ကျောင်းတွင် ရှိနေနိုင်သည်။** COVID-19 ရှိသူနှင့် ထိတွေ့နိုင်ခြေရှိခြင်းသည် သင်သည် ကူးစက်ခံရမည်ဟု မဆိုလိုပါ။ အလွှာပေါင်းစုံကြိုတင်ကာကွယ်ရေးဗျူဟာများထားရှိသောအခါတွင် ကျောင်းတွင်း ကူးစက်မှုနှုန်းများသည် ရပ်ရွာတွင်း ကူးစက်မှုအဆင့်များနှင့် ဆင်တူသည် သို့မဟုတ် ပုံမှန်အားဖြင့် နိမ့်ပါသည်ဟု လေ့လာမှုများစွာက ပြသခဲ့သည်။

အိမ်နှင့်ကျောင်းတွင် COVID-19 ပြန့်ပွားမှုကို ကာကွယ်ရန် ပြည်သူ့ကျန်းမာရေး အကြံပြုချက်များကို လိုက်နာပါ။

## ပြည်သူ့ကျန်းမာရေး အကြံပြုချက်များ

- သင့်တွင် ရောဂါလက္ခဏာမပြသော်လည်း COVID-19 ရှိသူနှင့် နောက်ဆုံးထိတွေ့ပြီးနောက် အနည်းဆုံး ၅ ရက်အကြာတွင် စမ်းသပ်ပါ။
    - ကိုယ်တိုင်စမ်းသပ်နိုင်သော စမ်းသပ်ကိရိယာကိုသုံးပါ။ သို့မဟုတ်
    - စမ်းသပ်ပေးနိုင်တဲ့ နေရာများကို ရှာပါ။
        - COVID-19 ခရိုင်စမ်းသပ်မှုအစီအစဉ်များ ခရိုင်စမ်းသပ်မှုအစီအစဉ်များ
        - COVID-19 အတွက် ရပ်ရွာအခြေပြု စမ်းသပ်ပေးနိုင်တဲ့ နေရာများ
- ရောဂါလက္ခဏာများကို စောင့်ကြည့်ပါ။
    - ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက ချက်ချင်း သီးခြားခွဲနေပြီး COVID-19 အတွက် စမ်းသပ်ပါ။
    - အကယ်၍ သင်သည် Covid 19 ကူးစက်ခံထားရတယ်ဆိုတာ စစ်ဆေးတွေ့ရှိပါက အနည်းဆုံး ၅ ရက်ခန့် သီးခြားနေရပါမည်။ မည်မျှကြာအောင် သီးခြားခွဲနေရမည်ကို ဆုံးဖြတ်ရန် CDC ၏ Quarantine and Isolation Calculator ကို အသုံးပြုပါ။
    - COVID-19 ကြောင့် အလွန်ဖျား နေပါက သင့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူကို ချက်ချင်းဆက်သွယ်ပါ။ ထိရောက်သောကုသမှုများ ရရှိနိုင်ပါသည်။
- သင့်တွင် နောက်ထပ်မေးခွန်းများ မေးစရာများရှိပါက ဘာသာစကား ၂၁ မျိုးဖြင့် ရရှိနိုင်သော လမ်းညွှန်မှုအတွက် https://hawaiicovid19.com/translations/ သို့ ဝင်ရောက်ကြည့်ရှုပါ။
- သင့်တွင် ထပ်လောင်းမေးခွန်းများရှိပါက Hawai`i ပြည်နယ်ကျန်းမာရေးဌာန (808) 586-8332 သို့ ဆက်သွယ်နိုင်ပါသည်။